# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 7 , 2023 | Volume 69, Number 4


၇.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၅.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၃.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၈.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၀.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## နန်နင်းမြို့တွင်ကျင်းပမည့် (၂၀)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ပါဝင်ပြသမည်



တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် ကျင်းပမည့် (၂၀)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တရုတ်-အာဆီယံကုန်စည်ပြပွဲအား နန်နင်းမြို့၌ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ အောင်မြင်စွာ ပါဝင်ပြသနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးဆောင်ကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ဩဂုတ် ၄ ရက်နေ့လည် ၃ နာရီခွဲက Online စနစ်ဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ နန်နင်းမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်စိုးသိန်း၊ သံမှူးဒေါ်ခိုင်ငြိမ်းစုနှင့် စီးပွားရေးသံမှူး ဒေါ်ကေခိုင်ကျော်တို့ တက်ရောက်ခဲ့ကြပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နေခ်မူတာကပေါမှဦးဆောင်၍ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကောင်စစ်ဝန်ချုပ်ဦးကျော်စိုးသိန်းမှလည်း CAEXPO Secretariat မှ ပေးပို့လာသည့် ဖိတ်ကြားစာများကို သံတမန်လမ်းကြောင်းဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဆက်လက်ပေးပို့ခဲ့ပြီးဖြစ်၍ အခြားပံ့ပိုးဆောင်ရွက်ပေးရန်ရှိပါက ကြိုတင်အကြောင်းကြားပေးစေလိုသည်ဟု ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးသို့ မန္တလေးတိုင်းအစိုးရအဖွဲ့၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ

အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**Source:** https://www.popularmyanmar.com/?p=123857

## ဗီယက်နမ်နိုင်ငံ၏ ဒူးရင်းတင်ပို့မှု ၁၉ ဆတိုးလာ

ဗီယက်နမ်နိုင်ငံ၊ အကောက်ခွန်ဌာန၏ စာရင်းများအရ ယခုနှစ် ပထမနှစ်ဝက်တွင် ဒူးရင်းတင်ပို့မှုသည် ၁၉ ဆ တိုးမြင့်လာပြီး အမေရိကန်ဒေါ်လာ ၈၇၆ သန်းရရှိခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါတင်ပို့မှုများအနက် တရုတ်နိုင်ငံ တစ်နိုင်ငံတည်း ကပင် ဒေါ်လာ၈၃၅ သန်းရရှိကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအသင်း၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Dang Phcu Nguyen ၏ ပြောကြားချက်အရ ဒူးရင်းကို တောင်ပိုင်းပြည်နယ်များတွင် မေလမှဇွန်လအတွင်း ဆွတ်ခူးပြီး အလယ်ပိုင်းကုန်းမြင့်များတွင် ဩဂုတ်လမှဒီဇင်ဘာလအထိ ဆွတ်ခူးကြောင်း သိရှိရပါသည်။

ထို့ပြင် ဗီယက်နမ်အစိုးရအနေဖြင့် ဒေသအတွင်း သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေမည့် သဘောတူညီချက်များနှင့် လွတ်လပ်စွာကူးသန်းရောင်းဝယ်ရေး သဘောတူစာချုပ်အများအပြားကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဗီယက်နမ်ဒူးရင်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်၊ ပထမနှစ်ဝက်တွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂.၇ ဘီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၆၀ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း သိရှိရပါသည်။ မကြာသေးမီက ဒူးရင်းများကို တရုတ်ကုမ္ပဏီများနှင့် ကုန်သည်များက ဈေးကြီးပေး၍ဝယ်ခဲ့ကြပါကြောင်း သိရှိရပါသည်။ ဗီယက်နမ်မှတရုတ်နိုင်ငံသို့ သယ်ယူပို့ဆောင်ရေးမှာ အချိန်တိုတောင်းသဖြင့် လတ်ဆတ်ပြီးအရည်အသွေးများ ကောင်းသဖြင့် ထိုင်းပို့ကုန်များထက် ပို၍အလားအလာကောင်းမွန်ကြောင်း သိရှိရပါသည်။

ပထမတန်းစားဒူးရင်း တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၈၅,၀၀၀-၁၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၃.၅၉-၄.၂၂) ဖြင့် ဒူးရင်းခြံများတွင် ရောင်းချပြီး အရည်အသွေးလည်း ပိုမိုမြင့်မားကြောင်းသိရှိရသည်။ ပြည်တွင်းဝယ်လိုအားသည် ပထမနှစ်ဝက်တွင် ၁၀-၁၅ ရာခိုင်နှုန်းတက်ခဲ့သည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဒူးရင်းစိုက်ဧကမှာ ယခု ၁၁၀,၃၀၀ ဟက်တာတွင် ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃၇,၀၀၀ ဟက်တာသာ ရှိကြောင်းသိရသည်။ ယခုနှစ်အထွက်နှုန်းမှာ တန်ချိန် ၁ သန်းခန့်ရှိပြီး ယခင်နှစ်ထက် ၁၅.၉ ရာခိုင်နှုန်းတိုးလာသဖြင့် တန်ချိန် ၄၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ တင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်က ထိုင်းနိုင်ငံသည် တန်ချိန် ၈ သိန်းကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃.၅ ဘီလီယံရရှိခဲ့ကြောင်း သိရှိရပါသည်။

**Source : Vietnam Express**

**(စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_040820230115

## ဆန်တင်ပို့မှုကို ချက်ခြင်းရပ်တန့်ရန် အစီအစဉ်မရှိကြောင်း ဗီယက်နမ်နိုင်ငံစားနပ်ရိက္ခာအသင်းမှ ပြောကြား

အိန္ဒိယအနေဖြင့် ဆန်တင်ပို့မှုကို ကန့်သတ်လိုက်ခြင်းကြောင့် ကမ္ဘာ့ဆန်တင်ပို့မှုအပေါ် စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိရာ ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှုအပေါ် ချက်ချင်းကန့်သတ်ရန် အစီအစဉ်မရှိကြောင်း နိုင်ငံ၏စားနပ်ရိက္ခာအသင်းမှ အကြီးတန်းအရာရှိတစ်ဦးက တနင်္လာနေ့တွင် ပြောကြားခဲ့ပါသည်။

လက်ရှိအချိန်မှာ ဗီယက်နမ်ကုမ္ပဏီများအနေဖြင့် ဆန်ကို ပုံမှန်အတိုင်း တင်ပို့နေကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအသင်း ဥက္ကဋ္ဌ Nguyen Ngoc Nam မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည့် အိန္ဒိယနိုင်ငံအနေဖြင့် ပြီးခဲ့သည့်တစ်ပတ်ကျော်က ၎င်း၏အကြီးမားဆုံး ပို့ကုန်ဖြစ်သည့် ဆန်တင်ပို့မှုကိုရပ်ဆိုင်းရန် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းအကျိုးဆက်အဖြစ် ပြည်တွင်းဈေးနှုန်းများ ငြိမ်သက်သွားပါသည်။ အိန္ဒိယနှင့် ထိုင်းနိုင်ငံပြီးပါက ကမ္ဘာ့တတိယအကြီးဆုံး ဆန်တင်ပို့သည့် ဗီယက်နမ်နိုင်ငံ၌ ဇူလိုင်လ ၂၀ ရက်နေ့

တွင် အိန္ဒိယ၏ ဆန်တင်ပို့မှုကန့်သတ်ချက် ထုတ်ပြန်ပြီးနောက် ဆန်စျေးနှုန်းများ မြင့်တက်လာပါသည်။ ဆန်ကွဲ ၅ ရာခိုင်နှုန်း ပါဝင်သည့် ဆန်သည် တနင်္လာနေ့က မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ မှ ၅၇၅ ထိမြင့်တက်ခဲ့ကြောင်း၊ ဒေါ်လာ ၅၁၅ မှ ၅၂၅ ကြားသာရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးစျေးဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယ၏ ဆန်တင်ပို့မှုကန့်သတ်ချက် ထုတ်ပြန်ပြီးနောက် ဗီယက်နမ်စက်မှုလက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက အသင်းအား ပြည်တွင်းဆန်ထောက်ပံ့မှုနှင့် စားနပ်ရိက္ခာဖူလုံမှုရှိစေရန် တောင်းဆိုခဲ့ပြီး ပြည်တွင်းစျေးနှုန်းတည်ငြိမ်စေရန် ပို့ကုန်နှင့်ပြည်တွင်းရောင်းချမှုကြား ဟန်ချက်ညီစေရေးဆောင်ရွက်ရန် ကုန်သည်များအား ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ပထမဂုလအတွင်း ဗီယက်နမ်မှ ဆန်တင်ပို့မှုသည် ယခင်နှစ်ကထက် တန်ချိန် ၄.၈၄ သန်းအထိ ၁၈.၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်းနှင့် ဤကာလအတွင်း ဆန်တင်ပို့မှုမှ အခွန်ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၂.၅၈ ဘီလီယံဖြင့် ၂၉.၆ ရာခိုင်နှုန်းတိုးမြင့်ရရှိခဲ့ကြောင်း ဖော်ပြထားပါသည်။ အာရပ်စော်ဘွားများပြည်ထောင်စု (UAE) မှ အိန္ဒိယမျိုးဖြစ်သည့် ဆန်များ အပါအဝင် ဆန်တင်ပို့မှုနှင့် ပြန်လည်တင်ပို့မှုများကို လေးလကြာပိတ်ပင်မည်ဖြစ်ကြောင်း သောကြာနေ့ကကြေညာခဲ့သည်။

ဖိလစ်ပိုင်သမ္မတ မားကို့စ်မှ နိုင်ငံအနေဖြင့် ပြည်တွင်းစပါးရိတ်သိမ်းချိန် အယ်နီညိုသက်ရောက်မှုကြောင့် အရန်ဆန်များကို တိုးမြှင့်ရရှိရေး အရေးကြီးပါကြောင်း၊ သို့ဖြစ်ရာ အိန္ဒိယနိုင်ငံနှင့် သဘောတူညီချက်ရယူရမှာဖြစ်ကြောင်း စနေနေ့ကပြောကြားခဲ့ပါသည်။ ဖိလစ်ပိုင်သည် ဗီယက်နမ်၏ ဆန်အများဆုံးဝယ်ယူသူဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။

**Source : Vietnam Economic News**

**(စီးပွားရေးသံမှူး၊ ဟန်နွိုင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_040820230125

## ပြည်တွင်းဖြစ်ကို အားပေးစေရန် အိန္ဒိယက လပ်တော့များ တင်သွင်းမှုကိုတားမြစ်



အိန္ဒိယအစိုးရက ပြည်သူများအနေဖြင့် ပြည်တွင်းဖြစ် ကုန်ပစ္စည်းများကို ပိုမိုအားပေးစေရန်ရည်ရွယ်၍ ပြည်ပမှ လပ်တော့များတင်သွင်းမှုကို တားမြစ်လိုက်ကြောင်း သိရသည်။

အဆိုပါတားမြစ်မှုတွင် စားပွဲတင်ကွန်ပျူတာများ၊ တက်ဘလက်များနှင့် အခြားလူသုံးကုန် လျှပ်စစ်ပစ္စည်းများလည်း ပါဝင်သည်။

အိန္ဒိယနိုင်ငံသည် ထိုကဲ့သို့သော လျှပ်စစ်ပစ္စည်း ၇၅ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းနေရသည့်အတွက် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၃ ဘီလီယံအထိ ကုန်ကျခဲ့သည်။

ထိုတားမြစ်မိန့်ကို အိန္ဒိယကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ဩဂုတ် ၃ ရက်တွင် ဥပဒေထုတ်ပြန်ကြေညာလိုက်ခြင်း ဖြစ်ပြီး ထိုဥပဒေက ချက်ချင်းအသက်ဝင်စေမည်ဖြစ်သည်။ သို့သော် ယခုတားမြစ်မှုတွင် အဆိုပါ ကန့်သတ်ပစ္စည်း များကို ပြည်ပမှ ဝယ်ယူသယ်ဆောင်လာသည့် ခရီးသည်များအပေါ် အသက်ဝင်မှုရှိမည် မဟုတ်ကြောင်းနှင့် အထူးခွင့်ပြုမိန့်အရ တင်သွင်းမှုများကိုမူ ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဥပဒေတွင်ဖော်ပြထားသည်။ အထူးခွင့်ပြုမိန့် ထုတ်ပေးမည့် အခြေအနေ များမှာ သုတေသနပြုရန်၊ စမ်းသပ်ရန်၊ စံနှုန်းသတ်မှတ်ရန်၊ ပြုပြင်ရေးလုပ်ရန်၊ ပြန်လည်တင်ပို့ရန်နှင့် ကုန်ပစ္စည်းဖွံ့ဖြိုး တိုးတက်စေရန်တို့အတွက်သာဖြစ်သည်။

အထက်ပါ သတ်မှတ်ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီးသော ကုန်ပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ပြန်လည် တင်ပို့ ခြင်းသာလုပ်ရမည်ဖြစ်ပြီး ပြည်တွင်းစျေးကွက်၌ ရောင်းချခြင်းခွင့်မပြုကြောင်း ဖော်ပြထားသည်ကိုတွေ့ရသည်။ အိန္ဒိယ အစိုးရသည် ၂၀၂၁ ခုနှစ်က အမေရိကန်ဒေါ်လာ ၈၉၂ သန်းတန်ဖိုးရှိ ပြည်တွင်းဖြစ်ကုန်ပစ္စည်းများ ရောင်းချရေးအစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ကာ ယခုနှစ်မေလတွင်မူ ထိုပမာဏကို အမေရိကန်ဒေါ်လာ ၂ ဘီလီယံအထိ တိုးမြှင့်လိုက်သည့်အတွက် ပြည်ပမှ ထိုကဲ့သို့သော ကုန်ပစ္စည်းများ တင်သွင်းခြင်းကို တားမြစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/44035

## တရုတ်ဘက်မှ အဝယ်လိုက်နေသောရေဝတီတိုင်းမှ ပဲတီစိမ်းအနီများ မန္တလေးပဲဈေးကွက်တွင် ဈေးကောင်းရနေ



တရုတ်နိုင်ငံဘက်မှ အဝယ်လိုက်နေသည့်ကုန်များထဲတွင် ပဲတီစိမ်းအနီလည်းပါဝင်နေပြီး လိုသလောက် မပေးနိုင်ကြောင်း မန္တလေးပဲကုန်စည်ဒိုင်မှ သိရသည်။

အဆိုပါ ပဲတီစိမ်းအနီကို ရေဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်တဝိုက်တွင်စိုက်ပျိုးပြီး မန္တလေးပဲကုန်စည်ဒိုင်သို့ တင်ပို့ရောင်းချခြင်းဖြစ်သည်။ “သုံးတင်းတစ်အိတ်ကို ၅၆ ဒသမ ၂၅ ပိသာဝင်တယ်။ တစ်တင်းကို တစ်သိန်းကျော်ရှိနေတယ်။ ပစ္စည်းရှားပါတယ် သုံးတင်းတစ်အိတ် ၃ သိန်းကျော်ပါတယ်”ဟု ပဲလုပ်ငန်းရှင်တစ်ဦးက ပေါ်ပြူလာနယူးစ်သို့ပြောသည်။

လက်ရှိတွင် မန္တလေးပဲမျိုးစုံရောင်းဝယ်ရေး ကုန်စည်ဒိုင်ဈေးကွက်အတွင်း ပဲတီစိမ်းအနီသုံးတင်းဝင်တစ်အိတ်ကို ၃၀၀၀၀၀ ကျော်ဖြင့် ဈေးဖွင့်ရောင်းချလျှက်ရှိပြီး ဈေးကွက်အတွင်း ပဲတီစိမ်းအနီများ ရှားပါးလျှက်ရှိနေကြောင်း၊ ပဲတီစိမ်းအနီကို မျိုးထုတ်ပေးသည့် ဂျပန်ကုမ္ပဏီမှ အဆိုပါပဲကို ဈေးကောင်းပေးပြန်ဝယ်နေသည့်အပြင် ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်သို့ပါ တင်ပို့ရောင်းချခြင်းများရှိနေသဖြင့် မန္တလေးပဲဈေးကွက်အတွင်း ပဲတီစိမ်းအနီများ ဝင်ရောက်မှုနည်းပါးသည့်အတွက် တရုတ်ဝယ်လက်များကို လိုသလောက် ရောင်းမပေးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်း ပဲတီစိမ်းအနီကို အထက်မြန်မာပြည်ရှိ ဒေသများတွင် စိုက်ပျိုးရာ၌ ဖြစ်ထွန်းခြင်းမရှိဘဲ ပဲတီစိမ်းအနီမျိုးပဲ တစ်အိတ်လျှင် ၄၃၀၀၀၀ ကျပ်ရှိကြောင်း၊ တရုတ်ဘက်မှ ယခုပေါက်ဈေးထက် ပိုမိုပေးနိုင်ပါက ရေဝတီတိုင်းမှ ပဲတီစိမ်းအနီများ မန္တလေးပဲဈေးကွက်အတွင်းသို့ ပို၍ဝင်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=123886

## ပဲတီစိမ်းသီးနှံပေါ်စ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီးအတွင်း ပဲတီစိမ်းသီးနှံကို မြို့နယ်အားလုံးလိုလို စိုက်ပျိုးကြသည်ကို တွေ့ရပါသည်။ ပဲတီစိမ်းသီးနှံသည် မကွေးတိုင်းဒေသကြီး၏ အဓိကစိုက်ပျိုးသီးနှံတွင်ပါဝင်သည့် သီးနှံတစ်ခုဖြစ်ပါသည်။ ပဲတီစိမ်းသီးနှံကို စိုက်ပျိုးသောကျေးရွာများမှ မြို့ပေါ်ပွဲရုံနှင့်ကုန်စည်ဒိုင်များသို့ လာရောက်ရောင်းချကြပြီး ပွဲရုံ၊ ကုန်စည်ဒိုင်များမှတဆင့် ရန်ကုန်နှင့်မန္တလေးတို့သို့တင်ပို့ကာ ရောင်းချကြပါသည်။

ပဲတီစိမ်းကို ပြည်ပဝယ်လက်ဖြစ်သည့် တရုတ်နှင့်အိန္ဒိယတို့မှ အဝယ်ရှိနေပြီး ပြည်တွင်းလှောင်လက်များမှလည်း အဝယ်ရှိနေသည့်အတွက် အရောင်းအဝယ်သွက်ကာ သီးနှံပေါ်စမှာပင် ဈေးကောင်းရနေကြောင်း သိရှိရပါသည်။ ယခင်ရက်များတွင် ပဲတီစိမ်း(၁)တင်းလျှင် (၅၇၀၀၀)ဈေးသာ ရရှိခဲ့ရာမှ ယခုအသစ်ပေါ်စမှာ ပဲတီစိမ်း(၁)တင်းလျှင် (၆၁၅၀၀)ကျပ်ဈေးအထိ ဈေးကောင်းရရှိနေပါသည်။ မကွေးတိုင်းဒေသကြီးအတွင်း ပဲတီစိမ်းစိုက်ကေမှာ (၄)သိန်းကျော်ရှိရာ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ပျမ်းမျှ (၁၀.၂၁)တင်းနှုန်း ထွက်ရှိပါသည်။ တစ်ကေကုန်ကျစရိတ်အနေဖြင့် (၃)သိန်းခွဲကျော်ကုန်ကျပြီး ယခုလက်ရှိပေါက်ဈေးနှင့် တွက်ချက်ပါက တစ်ကေလျှင်(၂)သိန်းခုနစ်သောင်းကျော် အကျိုးအမြတ်ရရှိသည့်အတွက် တောင်သူများအနေဖြင့် ပဲတီစိမ်းသီးနှံကို တိုးချဲ့စိုက်ပျိုးသင့်ပြီး ရာသီဥတုဒဏ်ခံနိုင်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းကောင်းမွန်ကာ ပြည်ပပို့ကုန်အနေဖြင့် ယခုထက်ပို၍ တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**Source: မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**
**မကွေးတိုင်းဒေသကြီး**

## ပို့ကုန်ပဲများ ဈေးပြန်မြင့်တက်လာတာနှင့်အတူ လက်ကျန်နည်းလာသည့် ပြည်တွင်းသုံး ကုလားပဲအုပ်စု လိုက်ပါဈေးမြင့်တက်လာ

ပို့ကုန်ပဲများ ဈေးပြန်မြင့်တက်လာတာနှင့်အတူ လက်ကျန်နည်းလာသည့် ပြည်တွင်းသုံး ကုလားပဲအုပ်စုလိုက်ပါ ဈေးမြင့်တက်လာကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ပို့ကုန်မတ်ပဲနှင့်ပဲစင်းငုံမှာ ဈေးကျဆင်းနေရာမှ ဩဂုတ်လဆန်းပိုင်းမှာ ဈေးပြန်မြင့်တက်လာသလို ပြည်တွင်းသုံး ပဲမာလိုင်းများမှာလည်း ဈေးမြင့်တက်လာခြင်း မရှိသေးသော်လည်း အခြေခံအမြင့်ဖြင့် အရောင်းအဝယ်သွက်လာခြင်း ဖြစ်သည်။

တရုတ်လိုင်း အဝယ်က ပမာဏမများသေးတော့ ပဲတီစိမ်းဈေးက တက်သင့်သလောက် မတက်နိုင်သေးကြောင်းနှင့် မြေပဲဆန်ဈေးမှာလည်း တည်ငြိမ်နေတာကြောင့် ပြည်တွင်းဆီစက်ပိုင်တွေ အဝယ်ကောင်းနေကြောင်း နှမ်းမျိုးဈေးကွက်နဲ့ ပြည်တွင်းသုံး ပဲမာလိုင်းကတော့ အခြေခံဈေးနဲ့ အရောင်းအဝယ် ပြန်ကောင်းလာကြောင်း ဈေးကျဆင်းနေတဲ့ ပို့ကုန်ပဲတွေ ယခုသီတင်းပတ်မှာ ဈေးပြန်တက်လာကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်ကပြောသည်။ "ပြည်တွင်းသုံးကုလားပဲ အုပ်စု ကတော့ လက်ကျန်နည်းလာတော့ ဈေးမြင့်တက်လာပါတယ်။ ပဲမာလိုင်းကလည်း လက်ရှိပေါက်ဈေးတွေက ဆက်မတက် ပေမယ့် အခြေခံပေါက်ဈေးနဲ့ ငြိမ်နေပါတယ်။ ပို့ကုန်မတ်ပဲ၊ ပဲစင်းငုံလည်း ဈေးကျဆင်းနေတာကနေ ဈေးပြန်တက်လာ ပါတယ်။ တရုတ်လိုင်း အဝယ်ကလည်း အများကြီးမရှိသေးတော့ ပဲတီစိမ်း၊ နှမ်းနဲ့မြေပဲဈေးက အတက်ရှိပေမယ့် အရောင်းအဝယ်သွက်နေပါတယ်။ ပြည်တွင်းဆီစက်ပိုင်တွေက အဝယ်ကောင်းနေလို့ မြေပဲဆန်မျိုးစုံ အရောင်းအဝယ် ကောင်းနေပါတယ်။ တရုတ်ငွေဈေးတက်လာတော့ ကနေဒါစားတော်ပဲတွေ ဈေးမြင့်တက်လာပါတယ်"ဟု ၎င်းကပြောသည်။

ဩဂုတ် ၃ ရက်တွင် သုံးတင်းဝင် မတ်ပဲ ပိဿာ ၆ဝ တစ်အိတ်လျှင် ငွေကျပ် ၂၄ဝဝဝဝ ပေါက်ဈေး၊ ပဲစင်းငုံပိဿာ ၆ဝ တစ်အိတ်လျှင် ငွေကျပ် ၃ဝဝဝဝဝ သာ ပေါက်ဈေးရှိတော့သည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၇၅ဝဝဝ ပေါက်ဈေးရှိတော့သည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပို့ကုန်ပဲမဟုတ်သော်လည်း လက်ကျန်နည်းလာတာကြောင့် ဩဂုတ် ၃ ရက်တွင် တစ်အိတ်လျှင် ငွေကျပ် ၁ဝဝဝဝ ခန့် ဆက်လက်ဈေးပြန်မြင့်တက်ရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၃ဝဝဝ၊ V7 တစ်အိတ်လျှင် ငွေကျပ် ၂၆၅ဝဝဝ၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၆ဝဝဝ၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၅ဝဝဝ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၅ဝဝဝ၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၅ဝဝဝဝ၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၄ဝဝဝဝ၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၁ဝဝဝဝ၊ ကနေဒါစားတော်ပဲ တစ်အိတ်ငွေ ကျပ် ၂၁ဝဝဝဝ၊ မြေပဲအနီလုံးဆန်(ဝိုင်း)တစ်ပိဿာ ငွေကျပ် ၉၅ဝဝ ပေါက်ဈေးရှိကြောင်း သိရသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ယခင် သီတင်းပတ်ထက် အနည်းငယ် ဈေးပြန်တက်လာရာ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ် လျှင် ငွေကျပ် ၃၈၅ဝဝဝ၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၂၉၅ဝဝဝ၊ နှမ်းနက်စမုံတစ်အိတ်လျှင် ငွေကျပ် ၃၅ဝဝဝဝ ပေါက်ဈေး ရှိကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ပြည်တွင်းသကြားဈေးမြင့်တက်လာတာကြောင့် လာမည့်ကြံရာသီတွင် ကြံတစ်တန် ငွေကျပ် ၁၁ဝဝဝဝ ထိ တိုးမြင့်ဝယ်ယူမည်ဟုဆို

ပြည်တွင်းသကြားဈေး မြင့်တက်လာသောကြောင့် လာမည့် ကြံရာသီတွင် ကြံတစ်တန် ငွေကျပ် တစ်သိန်းနှစ်သောင်းထိ တိုးမြင့် ဝယ်ယူမည်ဖြစ်ကြောင်း သကြားစက်ရုံများက သတင်းထုတ်ပြန်ထားသည်။

၂ဝ၂၂-၂ဝ၂၃ ကြံရာသီတွင် မတ်လပိုင်းက ကြံတစ်တန် ငွေကျပ် ၉၅ဝဝဝ ထိ တိုးမြင့်ဝယ်ယူခဲ့ရာမှ ယခုပြည်တွင်း သကြားဈေး မြင့်တက်လာခြင်းကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း ငွေရည်ပုလဲသကြားစက်ရုံက ဩဂုတ် ၁ရက် သတင်း ထုတ်ပြန်ထားသည်။

လက်ရှိပြည်တွင်းသကြား တစ်ပိဿာဈေး ငွေကျပ် ၃၃၀၀ ပေါက်ဈေးရှိနေပြီး ယခုသီတင်းပတ်အတွင်း ဈေးမြင့်တက်လာခြင်းဖြစ်သည်။ ယခင်နှစ်က ကြံတစ်တန် ငွေကျပ် ၉၅၀၀၀ ထိ သကြားစက်ရုံတွေက ပေးဝယ်ခဲ့သော်လည်း ယခုနှစ် ကြံရာသီမတိုင်မီ ပြည်တွင်းသကြားဈေး မြင့်တက်လာတာကြောင့် ကြံတစ်တန်ဈေး တိုးမြင့်ပေးဝယ်လာခြင်းဖြစ်ကြောင်း လက်ရှိသကြားပေါက်ဈေးအရ ကြံတစ်တန်လျှင် ငွေကျပ် ၁၁၀၀၀၀ ပေးဝယ်လာခြင်းအပေါ် မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းဌေးက ဒီထက်ပိုမိုပေးပြီး ဝယ်ယူသင့်ကြောင်းပြောသည်။

“စက်ရုံတွေက ကြံရာသီမတိုင်မီ ဝယ်ယူမည့်ဈေးနှုန်းကို နှစ်ကြိမ်လောက် တိုးမြင့်ပေးဝယ်ယူလေ့ရှိပါတယ်၊ ယခု သကြားဈေး မြင့်တက်လာလို့ တိုးမြင့်ပေးဝယ်တာပါ။ မနှစ်က ကြံရာသီအကုန်မှာ ကြံတစ်တန် ငွေကျပ် ၁၀၀၀၀၀ ထိ ပေးဝယ်ခဲ့ပါတယ်။ ယခုလည်း ကြံတစ်တန် ၁၁၀၀၀၀ ထိ တိုးမြင့်ပေးလာတာပါ။ လက်ရှိ သကြားဈေးနဲ့တွက်ရင် ပိုမိုပေး ဝယ်သင့်ပါတယ်”ဟု ၎င်းကပြောသည်။

လက်ရှိပြည်တွင်းသကြား စားသုံးမှုနှင့်ထုတ်လုပ်မှုမှာ ကာမိမှုမရှိဘဲ လျော့နည်းနေကြောင်း ပြည်တွင်းသကြား စားသုံးမှုမှာ တန်ချိန် ၅၀၀၀၀၀ ခန့်ရှိပြီး ယခင်နှစ် သကြားထုတ်လုပ်မှုမှာ တန်ချိန် ၅၀၀၀၀၀ အောက် လျော့နည်းခဲ့တာကြောင့်လည်း သကြားဈေး မြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၃ ရက်တွင် ပြည်တွင်းသကြားပေါက်ဈေးမှာ တစ်ပိဿာ ငွေကျပ် ၃၃၀၀ ပေါက်ဈေးရှိနေပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာပေါက်ဈေးမှာလည်း ၃၃၀၀ ကျော် ပေါက်ဈေးရှိနေရာ ကြံတစ်တန်ဈေးနှုန်းမှာ ၁၁၀၀၀၀ မှာ သကြား စက်ရုံများ၏ ထုတ်လုပ်မှုစရိတ်နှင့်သကြားထွက်ရှိမှုအရ တောင်သူများအတွက် နည်းပါးနေသေးကြောင်း ကြံတောင်သူ တစ်ဦးကပြောသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (7.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,869 (Shares) | 36,506,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,700 | 9,000 | 8,700 | 1,822 | 15,852,900 | 33,109,694 | 288,054 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 4,212 | 12,425,400 | 38,929,150 | 114,841 |
| MCB | 00003 | 7,300 | -200 | -2.67% | 7,500 | 7,500 | 7,300 | 49 | 357,900 | 10,400,986 | 75,927 |
| FPB | 00004 | 1,550 | -50 | -3.13% | 1,600 | 1,600 | 1,550 | 1,224 | 1,901,950 | 29,664,613 | 45,980 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,350 | -50 | -2.08% | 2,300 | 2,350 | 2,300 | 2,250 | 5,180,000 | 19,977,223 | 46,947 |
| AMATA | 00007 | 5,000 | +100 | +2.04% | 4,900 | 5,000 | 4,900 | 65 | 318,700 | 10,497,598 | 52,488 |
| MAEX | 00008 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 247 | 469,300 | 23,804,946 | 45,229 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 7th Aug. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.91 | -0.11 | -0.03% | 371.02 | 376.17 | 370.91 | 9,869 | 36,506,150 | 8 | 699,601 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 7th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 9,869 (Shares) | 36,506,150 (MMK) |

## Main Board

As of 1:00 pm, 7th Aug. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,869 (Shares) | 36,506,150 (MMK) |

| MYANPIX | 370.91 ▼ 0.11 |
|---|---|
| Total Volume (shares) | 9,869 |
| Total Value (MMK) | 37 mil |
| Listed Company | 8 |
| Market Cap. (MMK) | 699,601 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,300 | ▼ 200 |
| FPB | 00004 | 1,550 | ▼ 50 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,350 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 100 |
| MAEX | 00008 | 1,900 | ▲ 0 |